(ဒီစာသည်နားလည်စွာသိနိုင်ရန်အတွက်ရေးထားပေးခြင်းသာဖြစ်ပါသည်။ အသိအမှတ်ပြုစာသည် ကျန်းမာရေးဌာနမှ ထုတ်ထားသည့်ဂျပန်စာသားသာဖြစ်ပါသည်။)

⑥

# တီဘီရောဂါကြောင့်ဆေးရုံတက်လာရလျှင်(၃၇ ပုဒ်မ)

★ 結核とは တီဘီရောဂါဆိုသည်မှာ

တတီဘီရောဂါသည် ထိုရောဂါပိုးကိုရှုမိပြီး များသောအားဖြင့်အဆုတ်မှာကူးဆက်ရောင်ရမ်းခြင်းရောဂါဖြစ်သည်။ရောဂါစဖြစ်ပြီးသလိပ်ထဲတွင်ပိုးကိုမတွေ့ရသေးဘဲပေ့ါပါးနေလျှင်၊ အခြားသူကိုကူးဆက်ဖို့မဖြစ်နိုင်သေးပါ။

သလိပ်ထဲတွင် ပိုးထွက်လာနေရင်၊ ချောင်းဆိုးခြင်းနှာချေခြင်းပြုလုပ်သည့်အခါထိုပိုးသည် အပြင်သို့ပြန့်နှံ့ထွက်လာမည်၊ ထိုပိုးကိုရှုမိလိုက်သောပတ်ဝန်းကျင်မှလူများသည် ကူးဆက်ခံရနိုင်ခြေရှိပါသည်။(အကယ်၍များကူးဆက်ခံရပေမဲ့လည်း၊သေချာပေါက်ရောဂါဖြစ်လာနိုင်တယ်ဆိုတာမဖြစ်နိုင်ပါ။)

တီဘီသည် ဆရာဝန်၏ညွှန်ကြားမှုအတိုင်း ဆေးကိုမှန်ကန်စွာ( ပုံမှန် ၆ လကျော်) သောက်ပါက ပျောက်ကင်းနိုင်သည့်ရောဂါဖြစ်ပါသည်။

★ တီဘီရောဂါကိုအသိပေးအကြောင်းကြားခြင်း

တီဘီသည် ကူးဆက်တတ်သည့်ရောဂါဖြစ်ပါသောကြောင့်၊ သတ်မှတ်ဥပဒေအောက်မှာ ရောဂါသတ်မှတ်ပေးသည့်ဆရာဝန်က၊လူနာ၏ အိမ်လိပ်စာ၊အမည်၊မွေးနေ့သက္ကရာဇ်၊လိင်အမျိုးအစားနှင့်အလုပ်အကိုင်တို့ကိုကျန်းမာရေးဟိုကင်းဌာနသို့ အသိပေးအကြောင်းကြားပေးရဖို့တာဝန်ရှိပါသည်။

ဆရာဝန်ထံမှအကြောင်းကြားစာကိုလက်ခံရရှိသည့် ကျန်းမာရေးဟိုကင်းဌာနသည်၊ ဆေးဘက်ဆိုင်ရာဌာန၏သတင်းများကိုရယူမှုတည်ကာ၊ကာယကံရှင်မိသားစုတို့နှင့်တွေ့ဆုံတိုင်ပင်ပြီး ရောဂါလက္ခဏာအခြေအနေ စားဝတ်နေရေးအခြေအနေစသည် တို့ကိုမေးမြန်းစုံစမ်းရပါမည်။

★ ဆေးရုံတက်ဖို့ပြုလုပ်ပေးရန်နှင့် လူ့အခွင့်အရေးကိုကာကွယ်ပေးရေး

ကျန်းမာရေးဟိုကင်းဌာနသည် မေးမြန်းစုံစမ်းရသည့်အချက်တွေပေါ်မူတည်ပြီး၊ အတူနေသူတွေထံကူးဆက်ပြန့်နှံနိုင်သည်ဟု သတ်မှတ်ယူဆလာပါလျှင်၊ တီဘီကုသပေးနိုင်သည့်ဆေးပိုင်းဆိုင်ရာဌာနများသို့ ဆေးရုံတက်ရောက်နိုင်ဖို့( ကူးဆက်ရောဂါအတွက်ဥပဒေကြောင်းအရသတ်မှတ်နေရာဆေးရုံသို့)ပြုလုပ်ပေးရပါမည်။

လူနာ၏ လူမှု့အခွင့်အရေးကိုကာကွယ်ပေးနိုင်ဖို့အတွက်၊ ဆေးရုံတက်နေရသည့်လူနာ သို့မဟုတ်လူနာ၏ တာဝန်ရှိမိသားစု၊ ထင်မြင်ယူဆချက်၊ တိုင်ကြားချက်များရှိပါက၊ ကျန်းမာရေးဟိုကင်းဌာနသို့ တင်ပြတိုင်ကြားနိုင်ပါသည်။

ကျန်းမာရေးဟုတ်ကင်းဌာနသည် ၊ ကူးဆက်ရောဂါစီစစ်ရှာဖွေရေးအထူးဌာနနှင့်အတူဖြစ်ပြီးလူနာရှင်၏ နားလည်လက်ခံချက်ပေါ်မူတည်၍(ဆေးရုံတက်ကုသမှုအကြံ)ဆုံးဖြတ်ရပါသည်။

(သတိပြုရန်)အခြားရောဂါကြောင့်ဆေးရုံတက်ဖို့ကိစ္စလိုအပ်မှုဖြစ်နေသူ ကူးဆက်ရောဂါမပြန့်ပွားနိုင်မည့်အခြေအနေဖြစ်ပါက ( တီဘီအတွက်ဆေးရုံတက်ဖို့) မပြုလုပ်ပါ။

★ ဆေးဝါးကုသဖို့အတွက်ကုန်ကြငွေနှင့် အစိုးရမှထောက်ပံငွေ

(တီဘီအတွက်ဆေးရုံတက်ရန်)အတွက်ပြုလုပ်ဖို့၊ တီဘီရောဂါကိုကုသပေးနိုင်သည့်ဆေးရုံမှာဆေးရုံတကရပြီဆိုလျှင် ဆေးရုံတက်ရမည့်ကုန်ကျစရိတ်၏ တပုံကို အစိုးရမှတာဝန်ယူပေးပါ့မယ်(လုပ်ငန်းခွင်ဝင်ငွေပေါ်မူတည်ပြီး ဆေးရုံတက်ကုန်ကျငွေအားလုံးကိုအစိုးရကရှင်းပေးတာမျိုးရှိပါသည်)။

ကုသမှုကုန်ကျငွေနှင့်ပတ်သက်သည့်တင်ပြစာကို ကျန်းမာရေးဟိုကင်းဌာနမှ(လူနာရှင်ထံမှ) စာရွက်ထုတ်ပေးပြီး၊ ဆေးဝါးဆိုင်ရာဌာနများတွင်ပြပေးရုံဖြင့် အစိုးရ၏ကုသမှုဆိုင်ရာ ထောက်ပံကျေးကိုလက်ခံရရှိနိုင်ပါသည်။

★ နီးကပ်စွာနေထိုင်ခဲ့သူများအတွက် ကျန်းမာရေးစစ်ဆေးခြင်း

ကျန်းမာရေးဟိုကင်းဌာနသည် လိုအပ်လာပါက တီဘီရောဂါကူးဆက်ခံနိုင်ရဖွယ်ရှိသည့်မိသားစု၊ထိတွေ့ဆက်ဆံမှုရှိသူများ အတွက်လည်း ကျန်းမာရေးစစ်ဆေးဖို့အတွက်လည်းပြုလုပ်ပေးရပါသည်။



お問い合わせ・御相談は・・・ဆက်သွယ်မေးမြန်းနိုင်သည့်နေရာ၊ တိုင်ပင်စရာရှိလာပါလျှင်